မကြာမီ တစ်ကိုယ်ကောင်းဆန်ခြင်းနှင့်

အသင်တို့မနှစ်မြို့သည့်အရာများ ဖြစ်ပေါ်လာလိမ့်မည်။ထိုအခါ သာဝကတော်များက အို အလ္လာဟ်အရှင်မြတ်၏

ရစူလ်တမန်တော် ကိုယ်တော် ကျွန်တော်မျိုးတို့အား

မည်သို့ အမိန့်ပေးပါမည်နည်းဟု လျှောက်ထားခဲ့ကြသည်။ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ

အသင်တို့ကျေပွန်ရမည့်ဝတ္တရားများကို ကျေပွန်ကြကုန်။အသင်တို့ ရရှိမည့်အရာများကို အလ္လာဟ်အရှင်မြတ်ထံတော်၌တောင်းခံကြကုန်။

အိဗ်နုမတ်စ်အူးဒ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မကြာမီ
တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် အသင်တို့မနှစ်မြို့သည့်အရာများ
ဖြစ်ပေါ်လာလိမ့်မည်။ ထိုအခါ သာဝကတော်များက အို အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်
ကိုယ်တော် ကျွန်တော်မျိုးတို့အား မည်သို့ အမိန့်ပေးပါမည်နည်းဟု
လျှောက်ထားခဲ့ကြသည်။ ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ
အသင်တို့ကျေပွန်ရမည့်ဝတ္တရားများကို ကျေပွန်ကြကုန်။ အသင်တို့ရရှိမည့်အရာများကို အလ္လာဟ်အရှင်မြတ်ထံတော်၌ တောင်းခံကြကုန်။ [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာမွတ်စ်လင်မ်တို့၏ဥစ္စာပစ္စည်းများနှင့် အခြားလောကီရေးကိစ္စများတွင်မိမိတို့ကောင်းစားရေးကို‌ ရှေ့တန်းတင်ကြသည့် အာဏာပိုင်းများ မကြာမီမွတ်စ်လင်မ်တို့အား အုပ်ချုပ်လာကြမည်။ ၎င်းတို့သည် ထိုအရာများကိုမိမိတို့စိတ်ကြိုက်သုံးစွဲကြပြီး ထိုဥစ္စာပစ္စည်းများနှင့် ပတ်သက်၍အများမွတ်စ်လင်မ်တို့၏ ရပိုင်ခွင့်ကို ပိတ်ပင်တားဆီးကြမည်ဖြစ်သည်။ ထို့အတူသာသနာ့ရေးအရ မနှစ်မြို့ဖွယ်ရာများ ၎င်းတို့တွင် ဖြစ်ပေါ်လာလိမ့်မည်။ ထိုအခါ ဆွဟာဗဟ် (ရဿွိယလ္လာဟုအန်ဟုမ်) များက ထိုအခြေအနေမျိုး၌ မည်သို့ပြုလုပ်ရမည်ကိုမေးမြန်းခဲ့ကြသည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ကဖြေကြားတော်မူသည်မှာ ဥစ္စာပစ္စည်းများနှင့်ပတ်သက်၍၎င်းတို့၏တစ်ကိုယ်ကောင်းဆန်မှုသည် ယင်းအာဏာပိုင်များ၏ အမိန့်ကိုနာခံရန်တာဝန်ရှိသည့် အချက်ကို အဟန့်အတားမဖြစ်ပါစေနှင့်။ ထို့ပြင် အသင်တို့သည်းခံကြပါ၊နာခံကြပါ၊ အမိန့်အာဏာနှင့်ပတ်သက်၍ ၎င်းတို့အား အငြင်းမပွားကြနှင့်၊အသင်တို့၏အခွင့်အရေးများကို အလ္လာဟ်အရှင်မြတ်ထံတော်ပါး၌ တောင်းခံကြပါ။ ၎င်းအပြင်ထိုအာဏာပိုင်များအား ပြုပြင်ပေးရန်နှင့် ၎င်းတို့၏ဆိုးကျိုးများ၊ မတရားမှုများမှဖယ်ရှားရန်အရှင်မြတ်ထံတောင်းခံကြပါ။

